သတင်းထုတ်ပြန်ကြေငြာချက်

၂၉ နိုဝင်ဘာ ၂၀၁၂၊ ကြာသာပတေးနေ့ (                    ) မှ ထုတ်ပြန်ရန်

## တရုတ်နိုင်ငံ။ ။ကမ္ဘာ့ထိပ်သီး တရားမဝင်သစ်ဝယ်ယူသည့်နိုင်ငံမှ သစ်တောပြုန်းတီးမှု ဖန်တီးနေ

**သောဂျင်း။** ။ကမ္ဘာ့ ဒုတိယစီးပွါးရေးအင်အားအကြီးဆုံးနှင့် ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာနေသည့် တရုတ်နိုင်ငံသည် ၎င်း၏ တစ်ဟုန်ထိုးမြင့်တက်နေသောဖွံ့ဖြိုးမှုနှင့်အတူ နှစ်စဉ်ဒေါ်လာသန်း ထောင်ချီ ဖိုးတန်သည့် သစ်ကုန်သွယ်ရေးလုပ်ငန်းကြောင့် သစ်တောပြုန်းတီးမှုများဖြစ်စေသော်လည်း ယင်းကိစ္စ အပေါ် အလေးထားလုပ်ဆောင်ခြင်းမရှိပါ။

လန်ဒန်အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (Environmental Investigation Agency)၏ ယနေ့ ထုတ်ပြန်လိုက်သော **ဖျက်ဆီးခြင်းအာသာဆန္ဒ။ ။ တရုတ်နိုင်ငံ၏ တရားမဝင် သစ်ကုန်သွယ်မှု** (Appetite for Destruction: China's Trade in Illegal Timber) အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာ၌ တရားမဝင်သစ်များကိုဝယ်ယူသည့် တစ်ခုတည်းသောအကြီးမား ဆုံးအဝယ်ဒိုင်ဖြစ်နေပြီး၊ စနစ်တစ်ကျဖွဲ့စည်းထားသော ရာဇဝတ်ဂိုဏ်းအဖွဲ့များထံမှ များပြားလွန်းသည့် ခိုးထုတ်ထားသောသစ်ပမာဏများကို တင်သွင်းနေကြောင်း ထုတ်ဖော်တင်ပြထားသည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်းတွင် တရားမဝင်သစ်ထုတ်လုပ်ငန်း၏ အကျိုးဆက်မှ ထွက်ပေါ်လာသော ပျက်စီးမှုများကြောင့် ကမ္ဘာတစ်ဝန်းရှိ သစ်တောပြုန်းတီးလာမှုကို ကာကွယ်ရန်ကြီးမားသော တိုးတက် ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ကြသည်။ အဓိက သစ်ဝယ်ယူသည့်နိုင်ငံများဖြစ်သည့် အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျနိုင်ငံတို့သည် တရားမဝင်ခိုးထုတ်သောသစ်များကို ၎င်းတို့ဈေးကွက်တွင်းမှ ဥပဒေအရ တားဆီးဖယ်ရှားမှုပြုလုပ်ခဲ့သလို၊ အင်ဒိုနီးရှားကဲ့သို့သော အဓိက သစ်ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်လည်း တရားမဝင်သစ်လုပ်ငန်းကို ဥပဒေအရ စီးကြပ်မှုများ အလျင်အမြန်ဆောင်ရွက်လာခဲ့ကြသည်။

သို့သော် တရုတ်နိုင်ငံသည် ၎င်းနိုင်ငံတွင်း သစ်တောများပြန်လည်စိုက်ပျိုးခြင်းကို ချီးမွမ်းစရာကောင်းလောက်အောင် အရှိန်အဟုတ်ပြင်းပြင်း လုပ်ဆောင်ခဲ့သော်လည်း၊ တစ်ချိန်ထဲတွင် ၎င်း၏ အလိုမပြည့်နိုင်သည့် ကြီးမားလွန်းသော သစ်ထုတ်ပစ္စည်းလုပ်ငန်းအတွက် ကုန်ကြမ်းအများစုကို နိုင်ငံခြားမှ တင်သွင်းမှုအပေါ် မှီတည်နေရသည်။

"တရုတ်နိုင်ငံဟာ အခုချိန် ကမ္ဘာတစ်ဝန်းလုံးမှာ သစ်တောပြုန်းတီးမှုတွေ လိုက်လုပ်ဆောင်နေပါတယ်" ဟု အီးအိုင်အေ၏ သစ်တောဆိုင်ရာလှုပ်ရှားမှုအကြီးအကဲ ဖိတ်ဒိုဟာတီ(Faith Doherty)က ဆိုပါတယ်။

"တရုတ်နိုင်ငံအနေနဲ့ တရားမဝင်သစ်တွေကို သူ့ရဲ့ဈေးကွက်တွင်းကနေ ပိတ်ပင်ခြင်းနှင့် ဥပဒေအရ စီးကြပ်မှုကို အင်အားဖြည့်မြှင့်တင်ဖို့ တိကျပြတ်သားစွာနှင့် လျင်မြန်စွာမလုပ်ဘူးဆိုရင်၊ ကမ္ဘာတစ်ဝန်းက သစ်တောတွေကိုကာကွယ်ဖို့ ဘယ်လောက်အဓိပ္ပါယ်ပြည့်ဝတဲ့ လုပ်ဆောင်မှုတွေ ဆက်လက်လုပ်ဆောင်ပါစေ အောင်မြင်မှုရမှာ မဟုတ်ပါဘူး။"

အီးအိုင်အေအဖွဲ့၏ စုံစမ်းသူများသည် ၂၀၀၄ မှ စတင်၍ တရုတ်နိုင်ငံ၊ လာအို ၊ မာဒါဂဒ်(စ်)ကာ၊ မိုဇမ်ဘစ်၊ မြန်မာ၊ ရုရှားအရှေ့ဖျားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် သတင်းအချက်အလက်များရယူနိုင်ရန်အတွက် လျှို့ဝှက်စွာလှုပ်ရှားဆောင်ရွက်ခြင်းအပြင်၊ သစ်ကုန်သည်အဖြစ် ဟန်ဆောင်၍လည်းကောင်း တရားမဝင်သစ်စီးဆင်းမှုကို အောက်ခြေတွင်း စုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

ဖျက်ဆီးခြင်းအာသာဆန္ဒ (*Appetite for Destruction)* အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ အလိုမသတ်နိုင်သော သစ်သုံးစွဲမှုကြောင့် ထိုနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုပမာဏများကို ဆန်းစစ်သုံးသပ်ထားပြီး၊ သစ်တောများ ဆိုးရွားစွာပြုန်းတီးမှုဖြစ်နေသော နိုင်ငံများ၏အခြေအနေများကို အထူးတင်ပြထားသည်။

"ဤအစီရင်ခံစာမှာ တရုတ်နိုင်ငံလုပ်ဆောင်ရမယ့်ကိစ္စတွေကို တိုတိုနှင့် ရှင်းရှင်းလင်းလင်း တင်ပြထားပါတယ်"ဟု ဒိုဟာတီက ဆက်ပြီးပြောပါတယ်။ "ရာဇဝတ်ကွန်ယက်၊ တရားမဝင်သစ်လုပ်ငန်းနှင့် သစ်တောပြုန်းတီးမှုတွေကို နိုင်ငံတကာမှာ တိုက်ဖျက်မှုမြှင့်တင်ဖို့တာဝန်ဟာ တရုတ်နိုင်ငံအပေါ် တိုင်ရိုက်ကျရောက်လာပါပြီ။"

ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်း ရယူရန်နှင့် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရန် တောင်းဆိုနိုင်ပါသည်။ Faith Doherty ကို အီးမေးလ်ဖြင့် faithdoherty@eia-international.org သို့မဟုတ် တယ်လီဖုန်းဖြင့် ၀၂၀ ၇၃၅၄ ၇၉၆၀ တွင် ဆက်သွယ်နိုင်ပါသည်။

## အယ်ဒီတာ၏ မှတ်ချက်

၁။သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့(အီးအိုင်အေ)သည် ယူကေနိုင်ငံအခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပရဟိတလုပ်ငန်းအဖွဲ့(ပရဟိတလုပ်ငန်း မှတ်ပုံတင်အမှတ် ၁၁၄၅၃၅၉)ဖြစ်ပြီး၊ တရားမဝင် တောထွက်ပစ္စည်းများ၊ တရားမဝင်သစ်လုပ်ငန်း၊ ဘေးအန္တရာယ် ဖြစ်စေသည့် စွန့်ပစ်အညစ်အကြေး၊ ရာသီဥတုနှင့် အိုဇုန်းလွှာပြောင်းလဲမှုဖြစ်ပေါ်စေသည့် ဓာတုပစ္စည်း များ ရောင်းဝယ်မှုအပါအဝင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြစ်မှုများကို စုံစမ်းစစ်ဆေး၍ ဆန့်ကျင်လှုပ်ရှားသောအဖွဲ့ဖြစ်သည်။

၂။ ***Appetite for Destruction*** အစီရင်ခံစာကို ဖတ်ရှုရန် ဤအင်တာနက်လိပ်စာမှ http://www.eia-international.org/?p=6379 ရယူနိုင်ပါသည်။


သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ *(Environmental Investigation Agency)*

*62-63 Upper Street*

*London N1 0NY*

*UK*

*www.eia-international.org*

*ဖုန်း - +၄၄ ၂၀၇ ၃၅၄ ၇၉၆၀.*


**ပြီး**